တရားမပုံစံအမှတ် ၉၄ 　　　　<u>ဤပုံစံကိုအသုံးပြုရန်အတွက် တရားမပုံစံအမှတ် ၉၆ ကိုကြည့်</u>

**ရောင်းချရန်ကြော်ငြာစာ**

(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၆၆)

**ဝမ်းတွင်းမြို့နယ်တရားရုံးတော်**

၂၀၂၂ ခုနှစ်၊ ဇာရီမှုအမှတ် - ၇၃

| | | |
|---|---|---|
| **ဘဏ်ခွဲမန်နေဂျာ**<br>**မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းမြို့** | **နှင့်** | **၁။ ဦးရဲအောင်**<br>**၂။ ဒေါ်စန်းစန်းမြ** |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ဝမ်းတွင်းမြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၅၆၁/၂၀၀၆ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၄ ရက်၊ နံနက် ၁၀၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်သည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၂၃ ခုနှစ် နိုင်ဝင်ဘာ လ ၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

တံဆိပ်

ပုံ/ xxx
(ကျုံးထောင်းလျှန်)
တွဲဖက်မြို့နယ်တရားသူကြီး
ဝမ်းတွင်းမြို့နယ်တရားရုံး

**ပစ္စည်းစာရင်း**

**(က) ဝမ်းတွင်းမြို့၊ သဲတော (၁) ရပ်ကွက်၊ ကွင်းအမှတ် (၁/ဂ သဲတောအလယ်ရပ်)၊ ဦးပိုင်အမှတ် (၄၁/က) မြေကွက်အမှတ် (၁၆၇)၊ ဧရိယာ (၀.၀၄၈) ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၃၆x၂၇) ပေနံကပ်သွပ်မိုး၊ ကွန်ကရစ်ခင်းတစ်ထပ်တိုက်။**

**(ခ) ဝမ်းတွင်းမြို့၊ သဲတော (၃) ရပ်ကွက်၊ ကွင်းအမှတ် (၂/ သဲတောမြောက်ရပ်)၊ ဦးပိုင်အမှတ် (၈၇/၂) မြေကွက်အမှတ် (အက်စ်-၇၉)၊ ဧရိယာ (၀.၀၈၅) ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၂၈x၂၅) ပေနံကပ်သွပ်မိုးတစ်ထပ်တိုက်၊ (၁၆x၁၉) ပေနံကပ်သွပ်မိုးကားဂိုဒေါင်၊ (၁၅x၁၀) ပေသွပ်မိုး အုတ်ခင်းမီးဖိုဆောင်**

**(ကြမ်းခင်းဈေး - ၂၈,၀၀၀,၀၀၀/ ကျပ်သိန်းနှစ်ရာရှစ်ဆယ်)**